# အမေရိကန်၏ မြန်မာမူဝါဒ အပြောင်းအလဲမှာ

သတင်းရင်းမြစ် > ကျော်လင်းဦး
ဗုဒ္ဓဟူးနေ့၊ စက်တင်ဘာလ ၂၃ ရက် ၂၀၀၉ ခုနစ် ၁၇ နာရီ ၃၄ မိနစ်




အမေရိကန်နိုင်ငံမှာ ဒီမိုကရက်သမ္မတ အိုဘာမား အာဏာရလာ ပြီးကတည်းက မြန်မာနိုင်ငံနဲ့ ပတ်သက်တဲ့ ပေါ်လစီကို ပြောင်းလဲဖို့ လေသံပစ် လာခဲ့ပါတယ်။ အမေရိကန်ရဲ့ နိုင်ငံခြားရေး ဝန်ကြီး ဟီလာရီ ကလင်တန်က မြန်မာ့နိုင်ငံနဲ့ ပတ်သက်ပြီး ပိတ်ဆို့ရေး ပေါ်လစီဟာ အလုပ်မဖြစ်သလို ဆက်ဆံရေး ပေါ်လစီကလည်း အကျိုး မရှိဘူးလို့ တရားဝင် ထုတ်ဖော် ပြောဆိုပြီးတဲ့နောက်မှာ အမေရိကန်ရဲ့ မြန်မာပြည်ဆိုင်ရာ မူဝါဒ ပြောင်းလဲဖို့ ကိစ္စဟာ ပိုပြီး သိသာ ထင်ရှားလာ ပါတော့တယ်။

   ... ဒ့ါအပြင် ရွေးကောက်ပွဲအတွင်း သမာသမတ် ရှိမှုတွေကိုပါ ထည့်သွင်းစဉ်းစားပြီးမှ အမေရိကန် ရဲ့ အပြုသဘောဆောင်တဲ့ ပေါ်လစီ တရပ်ကို ချမှတ်ကာ နောက်တက်လာမယ့် အစိုးရသစ်နဲ့ အပြန်အလှန် အကျိုးရှိတဲ့ ဆက်ဆံရေးကို ထူထောင်လိမ့်မယ်လို့ ယူဆရပါတယ်။ ...    ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေမှာ ကျင်းပတဲ့ အာဆီယံ ဒေသဆိုင်ရာ အစည်းအဝေးကို တက်ရောက်ယင်း ကလင်တန်က မြန်မာပြည်ဆိုင်ရာ မူဝါဒကို ပြန်လည်သုံးသပ်နေရာမှာ နအဖ ရဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် စွဲဆိုထားတဲ့ စွပ်စွဲချက်တွေနဲ့ သူမရဲ့ တရားစီးရင်နေမှု ရလဒ်ဟာ အဓိကအချက်တွေအဖြစ် ပါဝင်နေတယ်လို့ ဆိုပါတယ်။

ဒီလိုပြန်လည်သုံးသပ်နေမှုဟာ အချိန်ဘယ်လောက်ကြာမယ်ဆိုတာ မသိရသေးပေမယ့် မကြာခင် အမေရိကန်က ထားမယ့် မြန်မာနိုင်ငံဆိုင်ရာ ပေါ်လစီဟာ အပြောင်းအလဲ ဖြစ်လာတော့မယ်ဆိုတာက အသေအချာပါပဲ။

ဒီလို အပြောင်းအလဲ ဖြစ်လာမယ့် အနီးစပ်ဆုံး အချိန်ကတော့ လာမယ့်နှစ် ၂၀၁၀ မှာ ကျင်းပမယ့် ရွေးကောက်ပွဲ တွေအပြီး နောက်အစိုးရ တက်လာမယ့် အချိန်အတွင်းမှာ ဖြစ်နိုင်ချေ ပိုများပါတယ်။ ဒါကြောင့် အမေရိကန်က မြန်မာနိုင်ငံ ပေါ်လစီရေးရာ ကျွမ်းကျင်သူတွေဟာ ၂၀၁၀ ရွေးကောက်ပွဲ မတိုင်မီ စစ်အစိုးရရဲ့ လုပ်ဆောင်ချက်တွေ ဖြစ်တဲ့ အကျဉ်းသားများ ပြန်လည် လွတ်မြောက်လာခြင်းနဲ့ ရွေးကောက်ပွဲ ဥပဒေတို့အပြင် ရွေးကောက်ပွဲ မတိုင်မီ နိုင်ငံရေးပါတီတို့ရဲ့ လွတ်လပ်စွာ မဲဆွယ်နိုင်မှု ရှိမရှိကိုပါ အရေးတယူ စောင့်ကြည့်နေဦးမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ရွေးကောက်ပွဲအတွင်း သမာသမတ် ရှိမှုတွေကိုပါ ထည့်သွင်း စဉ်းစားပြီးမှ အမေရိကန်ရဲ့ အပြုသဘောဆောင်တဲ့ ပေါ်လစီတရပ်ကို ချမှတ်ကာ နောက်တက်လာမယ့် အစိုးရသစ်နဲ့ အပြန်အလှန် အကျိုးရှိတဲ့ ဆက်ဆံရေးကို ထူထောင် လိမ့်မယ်လို့ ယူဆရပါတယ်။

အမေရိကန်နဲ့ အပြန်အလှန် လေးစားမှု ရှိတဲ့ ဆက်ဆံရေးတရပ် ပြန်လည် ဆန်းသစ် လာခြင်း အားဖြင့် နအဖ စစ်အစိုးရအတွက်ရော၊ နောက် တက်လာမယ့် စစ်တပ် ကျောထောက်နောက်ခံ ပြုထားမယ့် အစိုးရအတွက်ပါ အကျိုးကျေးဇူးတွေ ရှိလာမှာ ဖြစ်ပါတယ်။ ...... ဒါပေမယ့်လည်း မြန်မာနိုင်ငံအတွင်းက တိုးတက်မှုတွေဟာ တိုးတက်မှုအသွင်ကို မဆောင်ဘဲ ထိန်းချုပ်မှုတွေ ကြီးကြီးမားမား ဆက်ရှိနေဦးမယ် ဆိုရင်တော့ မြန်မာ့နိုင်ငံအတွက် အမေရိကန် ပေါ်လစီဟာ အကောင်းဘက်ကို ပြောင်းလဲဖို့ အခက်အခဲတွေ ရှိနေပါလိမ့်ဦးမယ်။ ဒါကြောင့် အထက်လွှတ်တော် အမတ် ဂျင်မ်ဝက်ဘ် အပါအဝင် ထိပ်တန်း ဒီမိုကရက်အမတ်တွေက မြန်မာနိုင်ငံဆိုင်ရာ ပေါ်လစီကို အပြောင်းအလဲတွေ လုပ်ဖို့ တိုက်တွန်းနေပေမယ့် မြန်မာနိုင်ငံအတွင်းက နိုင်ငံရေး အခြေအနေတွေ တိုးတက်မှု ရှိမလာမှာကိုလည်း စိုးရိမ်ပုံ ရပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအတွက် အမေရိကန်ရဲ့ ပေါ်လစီတွေ အပြောင်းအလဲ ဖြစ်လာဖို့အတွက် နအဖ စစ်အုပ်စုက ပြည်တွင်းမှာ ဒီမိုကရေစီရေး ဖော်ဆောင်မှုတွေ ဆက်တိုက် လုပ်လာဖို့ လိုအပ်ပါတယ်။ နအဖရဲ့ ခြေလှမ်းတွေ နှေးကွေးနေခဲ့ရင် အမေရိကန်နဲ့ အစိုးရရဲ့ ပေါ်လစီ အပြောင်းအလဲ ဖြစ်လာမယ့် အချိန်လည်း နောက်ဆုတ်သွားမှာ ဖြစ်ပါတယ်။ ဒီလိုတိုးတက် ဖြစ်ထွန်းမှုတွေ မတွေ့သရွေ့ကတော့ အိုဘားမား အစိုးရဟာလည်း အရင် သမ္မတဘုရှ် လက်ထက်က ကျင့်သုံးခဲ့တဲ့ ပေါ်လစီတွေကိုပဲ ဆက်လက် စွဲကိုင်နေဦးမယ့် သဘောပါပဲ။

အမေရိကန်နဲ့ အပြန်အလှန် လေးစားမှုရှိတဲ့ ဆက်ဆံရေးတရပ် ပြန်လည် ဆန်းသစ်လာခြင်းအားဖြင့် နအဖ စစ်အစိုးရ အတွက်ရော၊ နောက်တက်လာမယ့် စစ်တပ် ကျောထောက် နောက်ခံပြုထားမယ့် အစိုးရအတွက်ပါ အကျိုးကျေးဇူးတွေ ရှိလာမှာ ဖြစ်ပါတယ်။ အမေရိကန် အစိုးရသစ်ဟာ အာဆီယံဒေသတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်လာမယ့်အပြင် နွေးထွေးတဲ့ ဆက်ဆံမှုတွေ ထားရှိလာမှာ ဖြစ်တဲ့အတွက် အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံ အတွက်လည်း အကျိုးရှိစေမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း မြန်မာ စစ်အစိုးရအနေနဲ့ နိုင်ငံတကာက တွေ့ချင်မြင်ချင်တဲ့ တိုးတက်မှုတွေကို မဆောင်ကြဉ်း ပေးနိုင်ရင် မြန်မာနိုင်ငံဆိုင်ရာ ပေါ်လစီဟာ အပြောင်းအလဲတွေ ဖြစ်ဖို့ ဝေးနေဦးမှာ ဖြစ်ပါတယ်။

(အမေရိကန် အစိုးရသစ်က ပြောင်းလဲလာတော့ မယ့် မြန်မာနိုင်ငံဆိုင်ရာ ပေါ်လစီအပေါ် အသုံးချပြီး မြန်မာ့နိုင်ငံရေး အင်အားစုတွေ အနေနဲ့လည်း ညီညွတ်ရေးတရပ် တည်ဆောက် ကာ ကမ္ဘာပေါ်က နိုင်ငံတိုင်းနဲ့ သင့်မြတ်အောင် နေထိုင်ဖို့ အရေးကြီးလှပါတယ်။) ဒီနေရာမှာ အမေရိကန် အစိုးရဘက်ကလည်း ဟိုအရင် အစိုးရအဆက်ဆက် စွဲကိုင်ခဲ့တဲ့ ဂုဏ်သိက္ခာပိုင်း (Moral) ဆိုင်ရာ တန်ဖိုးတွေကို ပြောင်းလဲ သတ်မှတ်လာမှာ ဖြစ်ပါတယ်။ ဟိုအရင်ကတော့ ဒေါ်အောင်ဆန်းစုကြည် ပြန်လည် လွတ်မြောက်လာရေးနဲ့ ၁၉၉၀ ရွေးကောက်ပွဲရလဒ် အသိအမှတ်ပြုရေးလို စစ်အစိုးရအတွက် လိုက်လျောဖို့ ခက်ခဲစေမယ့် တောင်းဆိုချက်မျိုးနဲ့ သူ့ရဲ့ပေါ်လစီကို ချည်နှောင်ထားတာမျိုးကိုလည်း ဂရုစိုက် စဉ်းစားလာမှာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာစစ်အစိုးရနဲ့ အမေရိကန်အစိုးရ အဆက်ဆက်ကြားမှာ ကွာဟနေတဲ့ လူ့ဂုဏ်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးထားမှုတွေနဲ့ နိုင်ငံရေးဆိုင်ရာ စံနှုန်းများအပေါ်မှာ အိုဘားမားရဲ့ အစိုးရသစ်က ပြောင်းလဲ ချဉ်းကပ်ဖို့ ကြိုးစားနေချိန်မှာ မြန်မာ စစ်အစိုးရကလည်း အဓိပ္ပာယ်ရှိစွာနဲ့ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်ရေးကို အားစိုက်လုပ်ဆောင်ဖို့ လိုအပ်လာပါပြီ။

ကမ္ဘာ့သမိုင်းထဲက နိုင်ငံတကာ နိုင်ငံရေး ရေစီးကြောင်းကို သိနားလည်သူတွေသာ ပြည်တွင်းနိုင်ငံရေးမှာ အောင်မြင်မှုကို ရရှိတတ်ကြတာ တွေ့ရပါတယ်။ ၁၉၃၀ ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် စစ်ရှုံး ဂျာမဏီနိုင်ငံမှာ ဟစ်တလာ အာဏာရလာသလို ဝင်ရိုးတန်းနိုင်ငံတွေနဲ့ မဟာမိတ်နိုင်ငံတွေအကြား တနေ့တခြား ကြီးထွားလာတဲ့ စစ်ရေးအရှိန်ကို အသုံးချပြီး၊ မြန်မာနိုင်ငံထဲက အင်္ဂလိပ်တွေကို မောင်းထုတ်နိုင်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနဲ့၊ တခါ အင်္ဂလိပ်ကို အသုံးချပြီး ဂျပန်ကို ပြန်လည်မောင်းထုတ်ခဲ့တဲ့ လုပ်ရပ်တွေဟာ နိုင်ငံတကာ နိုင်ငံရေး ရေစီးကြောင်းတွေကို မှန်မှန်ကန်ကန် အသုံးချခဲ့လို့ ပြည်တွင်း နိုင်ငံရေးမှာ အောင်မြင်မှုတွေ ဖြစ်ပါတယ်။

အခုတခါလည်း အမေရိကန် အစိုးရသစ်က ပြောင်းလဲလာတော့မယ့် မြန်မာနိုင်ငံဆိုင်ရာ ပေါ်လစီအပေါ်

အသုံးချပြီး မြန်မာ့ နိုင်ငံရေး အင်အားစုတွေ အနေနဲ့လည်း ညီညွတ်ရေးတရပ် တည်ဆောက်ကာ ကမ္ဘာပေါ်က နိုင်ငံတိုင်းနဲ့ သင့်မြတ်အောင် နေထိုင်ဖို့ အရေးကြီးလှပါတယ်။

(စာရေးသူ ကျော်လင်းဦးသည် ထိုင်းနိုင်ငံ ရမ်းခမ်းဟင် တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံ မဟာဘွဲ့ကို ရရှိခဲ့သူ ဖြစ်သည်။)